ရန်ကင်းတောင်စာစဉ်(၃၇)



ပဋ္ဌာန်းတရားတော်
နှင့်
ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ

၁၉ – သမ္ပယုတ္တပစ္စယော

Sampayutta Paccayo (Association condition)

အရှင်ဒေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်
www.dhammatrainingcenter.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၁၉ – သမ္မယုတ္တပစ္စယော	
၁။	ယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သောပစ္စည်း ဖြစ်ပါသည်	၁
၂။	စိတ် စေတသိက်တို့၏ သဘာဝ	၂
၃။	ရုပ်တရားတို့၏ သဘာဝ	၂
၄။	ပစ္စည်း သုံးတွဲ၊ ခြောက်ပါး	၃
၅။	သမ္မယုတ္တပစ္စည်း၏ သဒ္ဒါ	၃
၆။	Mind to Mind	၄
၇။	ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား	၄
၈။	Sampayutta Paccayo Paccayaniddeso	၅
၉။	Sampayutta Paccayo (Association condition)	၅
၁၀။	Sampayutta Paccayo (Paṅhāvāro)	၅
၁၁။	သမ္မယုတ္တပစ္စယော ပစ္စယနိဒ္ဒေသ	၆
၁၂။	သမ္မယုတ္တပစ္စယော ပဥ္စဝါရပါဠိ	၆
၁၃။	သမ္မယုတ္တပစ္စယော ပဥ္စဝါရပါဠိနှင့် မြန်မာပြန်	၇

၁၉။ သမ္ပယုတ္တပစ္စယော
Daily life Paṭṭhāna

Sampayutta Paccayo *(Association condition)*



ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ယှဉ်သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Sampayutta* Paccaya' means association condition. Association is compared to four sweet things. You know that monks can eat some kinds of sweet things in the afternoon. They are a mixture of four things ghee, oil , molasses and honey. They are mixed together and they must be cooked in the sun. That mixture we call *Catumadhura.*



'စတုမဓု၊ ရောစပ်မှုနှင့် ၊ နည်းတူလှပ်စာ'ဟု လာရှိသည်နှင့် အညီ ထောပတ်၊ ပျားရည်၊ သကာ၊ နှမ်းဆီတို့ကို သမသွားအောင် မွှေသောအခါ တစ်ခုချင်း၏ အရသာမထွက်တော့ဘဲ အရသာတစ်မျိုးတည်း ထွက်သကဲ့သို့ နာမ်ခန္ဓာ (၄)ပါး တရားတို့သည် အာရုံကိုယူသောအခါ တစ်ပါးချင်း၏သဘော မထင်ရှားဘဲ တစ်ပါးနှင့်တစ်ပါး အတူတကွ နှီးနှောယှဉ်တွဲ ဖြစ်ချုပ်မှု အာရုံကိုယူပြီး ကျေးဇူးပြုကြသည်။

သမ္မယုတ္တပစ္စည်းကို စတုမဓူဖြင့် ဥပမာပြသကဲ့သို့ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာမှ စီးဆင်းလာသော ရေသည် သမုဒ္ဒရာထဲ ရောက်ပေမည်။ သမုဒ္ဒရာရေကို လက်ခုပ်ထဲ ယူကာ 'ဒါက ဂင်္ဂါမြစ်ရေ၊ ဒါက ယမုံနာမြစ်ရေ၊ ဒါက အစိရဝတီမြစ်ရေ'ဟု မခွဲခြားနိုင်တော့သည် အထိ ရောနှောသမနေသည့်ပမာဟု မူလပဋ္ဌာန်းဆရာတော်ကြီးက သမ္မယုတ္တပစ္စည်း၏ ကျေးဇူးပြုပုံကို ဥပမာပြုတော်မူပါသည်။

ထို့ကြောင့် သမအောင်ရောနှောထားသည့် စတုမဓူ၌ ဤကား ပျားရည်၊ ဤကား ထောပတ်၊ ဤကား တင်လဲ ဤကား နှမ်းဆီဟု ခွဲမရတော့သကဲ့သို့ နာမ်ခန္ဓာလေးပါးတို့ တစ်ပြိုင်နက်ဖြစ်ရာတွင်လည်း ဤကား ဝေဒနာ၊ ဤကား သညာ စသည်ဖြင့် ခွဲခြားမရတော့ဘဲ အာရုံသိမှု တစ်ခုတည်းအနေဖြင့်သာ ပေါင်းစည်းကာ ကျေးဇူးပြုသည့် ပစ္စည်းသည် သမ္မယုတ္တ ပစ္စည်းမည်လေသည်။

စိတ်စေတသိက်တို့၏ သဘာဝ

ထို့ကြောင့် သမ္မယုတ္တဟူသည် ရောနှောသမက တစ်စုတစ်ပေါင်းတည်းအဖြစ် ယှဉ်တွဲ ရောနှောနေခြင်းကို ဆိုလိုပါသည်။ စိတ် စေတသိက် ဟူသော နာမ်ခန္ဓာလေးပါးတို့သည် အညီအမျှ သမ၍ တစ်စုတည်းတစ်ပေါင်း တည်းအဖြစ်ဖြင့် ယှဉ်တွဲ ရောနှောကာ ကျေးဇူးပြုသော ပစ္စည်းဖြစ်ပါသည်။ စိတ်စေတသိက်ဟူသော နာမ်ခန္ဓာတို့သည် -

ဧကုပ္ပါဒ = အတူတကွ တစ်ပြိုင်နက် ဖြစ်ကြသည်။
ဧကနိရောဓ = အတူတကွ တစ်ပြိုင်နက် ချုပ်ကြသည်။
ဧကာလမ္ဗန = အာရုံတစ်ခုတည်းကိုသာ အာရုံပြုကြသည်။
ဧကဝတ္ထုက = မှီရာဝတ္ထု တူညီကြသည်။

ထို့ကြောင့် 'အဖြစ်တူ၊ အပျက်တူ၊ မှီရာတူ၊ အာရုံတူကြသည်' ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံမှသာ သမ္မယုတ်ပစ္စည်းတရားများ ဖြစ်နိုင်ကြသည်။

ရုပ်တရားတို့၏ သဘာဝ

ရုပ်တရားတို့က ဖော်ပြပါ အင်္ဂါလေးရပ်နှင့် မပြည့်စုံသောကြောင့် သမ္မယုတ္တ ပစ္စည်း မဖြစ်နိုင်ပေ။ ဤ၌ ဝိပ္ပယုတ္တပစ္စည်းသည် သမ္မယုတ္တပစ္စည်း၏ ပြောင်းပြန်ဖြစ်၏။ အတူဖြစ်၊ အတူချုပ်၊ အာရုံတူ၊ မှီရာဝတ္ထုတူ ဟူသော သမ္မယုတ်အင်္ဂါလေးရပ်တို့ဖြင့် မယှဉ်တွဲနိုင်ပြီး ပစ္စည်းနှင့် ပစ္စယုပ္ပန်တရားတို့ အချင်းချင်း မလိုက်လျောနိုင်သော သတ္တိသည်သာ ဝိပ္ပယုတ္တ ပစ္စည်း မည်လေ၏။

ပစ္စည်း သုံးတွဲ၊ ခြောက်ပါး

(က) သမ္မယုတ္တပစ္စည်း နှင့်ဝိပ္ပယုတ္တပစ္စည်း
(ခ) အတ္ထိပစ္စည်း နှင့် နတ္ထိပစ္စည်း
(ဂ) ဝိဂတပစ္စည်းနှင့် အဝိဂတပစ္စည်းဟူ၍ နှစ်ပါးတွဲ၊ ပစ္စည်းခြောက်ပါး ဟောတော်မူပါသည်။

(က) သမ္မယုတ္တပစ္စည်းသည် သမစွာ ရောနှောလျက် စိတ်စေတသိက်တို့ ယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းဖြစ်ပြီး၊ ဝိပ္ပယုတ္တပစ္စည်းမှာမူ ရုပ်တရား၊ နာမ်တရားတို့ အတူတကွ ဖြစ်ကြ၊ တွေ့ဆုံမိကြပါသော်လည်း အချင်းချင်း မနှီးမနှော မရောပွမ်းခြင်း၊ မယှဉ်တွဲခြင်းအားဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းဖြစ်ပါသည်။
(ခ) အတ္ထိပစ္စည်းသည် အကြောင်းတရားတို့လည်း ထင်ရှားရှိနေပြီး အကျိုးပြုမည့် တရားကလည်း ထင်ရှားရှိနေသည့် ပစ္စည်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရှိနေခိုက်တွင် ကျေးဇူးပြုပါက အတ္ထိပစ္စည်းဖြစ်ပြီး၊ မရှိတော့မှသာ ကျေးဇူးပြုပါက နတ္ထိပစ္စည်း ဖြစ်သည်။
(ဂ) ဝိဂတပစ္စည်းသည် ရှေးရှေးနာမ်တရားအစုတို့က မိမိတို့ ချုပ်ကွယ် ကင်းပျောက်ခြင်းသည် နောက်နောက် နာမ်တရားအစုတို့အား ဖြစ်ခွင့်ပေးခြင်းဖြင့် ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပြီး မိမိမကင်းသေး၊ မချုပ်ပျောက်သေးသည်၏အဖြစ်ဖြင့် အဝိဂတပစ္စည်းက ကျေးဇူး ပြုသည်။

သမ္မယုတ္တပစ္စည်း၏ သင်္ချာ

သမ္မယုတ္တတပစ္စည်း၏ သင်္ချာမှာ - ၃ ဖြစ်ပါသည်။ ထို့ကြောင့် “*သမ္မယုတ္တေ တီဏိ*” ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

ကုသလ သင်္ချာ-၁

(၁) ကု-ကု

အကုသလ သင်္ချာ-၁

(၁) အကု-အကု

အဗျာကတ သခ်္ဂ်ာ-၁

(၁) ဗျာ-ဗျာ

Mind to Mind

သမ္မယုတ္တပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to Mind) ကို ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး ဖြစ်သည်။

သမ္မယုတ္တပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်၏။

၁ - ကုသလတ္တိက ၇ - ပဥ္စဝါရ
၁ - ပစ္စယာနုလောမ ၁ - ဝိဘင်္ဂဝါရ

၁၉ - သမ္ပယုတ္တပစ္စယော **Sampayutta Paccayo (Association condition)**

19. Sampayuttapaccayo Paccayaniddeso

19. **Sampayuttapaccayo**ti – cattāro khandhā arūpino aññamaññaṃ sampayutta-paccayena paccayo.

19. Sampayutta Paccayo (Association condition)

Number nineteen is *Sampayutta* Paccaya, association condition. Association is compared to four sweet things. You know that monks can eat some kinds of sweet things in the afternoon. They are a mixture of four things ghee, oil , molasses and honey. They are mixed together and they must be cooked in the sun. That mixture we call *Catumadhura.*

'Catu' means four. *'Madhura'* means sweet thing. When they are mixed together, they really mix. They are blended. They are combined. We do not differentiate one from the other. In the same way, we say some things *Sampayutta.* They are blended together so much that it is difficult to differentiate them.When consciousness and mental factors arise together, it is very difficult to differentiate this is consciousness, this is mental factor. We are now talking about consciousness and mental factors because *Buddha* taught them. We are just following what he taught.

You remember the characteristics of mental factors. What are those characteristics? Their characteristics are arising together with consciousness, perishing together with consciousness, having the same object, having the same base. These are the four characteristics of being *Sampayutta.* That applies here too. So the conditioning states of *Sampayutta* can only be minds and mental factors. The conditioned states are also minds and mental factors.

19. Sampayuttapaccayo (Paṅhāvāro)

433. Kusalo dhammo kusalassa dhammassa sampayuttapaccayena paccayo. Kusalo eko khandho tiṇṇannaṃ khandhānaṃ sampayuttapaccayena paccayo. Tayo khandhā ekassa khandhassa sampayuttapaccayena paccayo. Dve khandhā dvinnaṃ khandhānaṃ sampayuttapaccayena paccayo. (1)

Akusalo dhammo akusalassa dhammassa sampayuttapaccayena paccayo. Akusalo eko khandho tiṇṇannaṃ khandhānaṃ sampayuttapaccayena paccayo. Tayo khandhā ekassa khandhassa sampayuttapaccayena paccayo. Dve khandhā dvinnaṃ khandhānaṃ sampayuttapaccayena paccayo. (1)

Abyākato dhammo abyākatassa dhammassa sampayuttapaccayena paccayo. Vipākābyā-kato kiriyābyākato eko khandho tiṇṇannaṃ khandhānaṃ sampayutta-paccayena paccayo. Tayo khandhā ekassa khandhassa sampayuttapaccayena paccayo. Dve khandhā dvinnaṃ khandhānaṃ sampayuttapaccayena paccayo. Paṭisandhikkhaṇe vipākābyākato eko khandho tiṇṇannaṃ khandhānaṃ sampayuttapaccayena paccayo. Tayo khandhā ekassa khandhassa sampayuttapaccayena paccayo. Dve khandhā dvinnaṃ khandhānaṃ sampayuttapaccayena paccayo. (1)

၁၉ - သမ္ပယုတ္တပစ္စယော ပစ္စယနိဒ္ဒေသ

သမ္ပယုတ္တပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

၁၉ - သမ္ပယုတ္တပစ္စယော ပဉ္စဝါရပါဠိ

၄၃၃။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ အကု-သလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော အဗျာကတသ္မာ ဓမ္မသ္မာ သမ္မယုတ္တပစ္စယေန ပစ္စယော။ ဝိပါကာ-ဗျာကတော ကိရိယာဗျာကတော ဇကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္မယုတ္တ ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဇကသ္မာ ခန္ဓသ္မာ သမ္မယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သမ္မယုတ္တ-ပစ္စယေန ပစ္စယော။

ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတော ဇကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္မယုတ္တ ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဇကသ္မာ ခန္ဓသ္မာ သမ္မယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။ (၁)

၁၉ - သမ္မယုတ္တပစ္စယော ပဥ္စဝဝါရပါဠိနှင့် မြန်မာပြန်

၄၃၃။ *ကုသလော ဓမ္မော ကုသလသ္မာ ဓမ္မသ္မာ သမ္မယုတ္တပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသလော ဇကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။
ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာ လေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား သမ္မယုတ္တပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

တယော ခန္ဓာ ဇကသ္မာ ခန္ဓသ္မာ သမ္မယုတ္တပစ္စယေန ပစ္စယော။
သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။
နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

အကုသလော ဓမ္မော အကုသလသ္မာ ဓမ္မသ္မာ သမ္မယုတ္တပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)
အကုသိုလ်တရားသည် အကုသိုလ်တရားအား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

အကုသလော ဇကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။
ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော အကုသိုလ်နာမ်ခန္ဓာ လေးပါး တို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္မယုတ္တပစ္စယေန ပစ္စယော။
သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။
နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သမ္မယုတ္တပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)
အဗျာကတတရားသည် အဗျာကတတရားအား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဝိပါကာဗျာကတော ကိရိယာဗျာကတော ဓမ္မော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္မယုတ္တ-ပစ္စယေန ပစ္စယော။
ဝိပါက်ကိရိယာအဗျာကတဖြစ်သည့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္မယုတ္တပစ္စယေန ပစ္စယော။
သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။
နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဓမ္မော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။
ပဋိသန္ဓေနေသောအခိုက် ဝိပါက်အဗျာကတဖြစ်သော နာမ်ခန္ဓာလေးပါးတို့တွင် နာမ်ခန္ဓာတစ်ပါးသည် ကျန်နာမ်ခန္ဓာသုံးပါးတို့အား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္မယုတ္တပစ္စယေန ပစ္စယော။
နာမ်ခန္ဓာသုံးပါးတို့သည် ကျန်နာမ်ခန္ဓာတစ်ပါးအား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။
နာမ်ခန္ဓာနှစ်ပါးတို့သည် ကျန်နာမ်ခန္ဓာနှစ်ပါးတို့အား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

နက်နဲလွန်းသည့် အနုန္တနယ ပဋ္ဌာန်းကျမ်း



ပဋ္ဌာန်းတရားတော်မြတ်သည် ဂမ္ဘီရော နက်နဲလွန်းပါသည်။
ဒုဒ္ဒသော မြင်နိုင်ခဲပါသည်၊ ဒုရာနဗောဓော သာမန်ဉာဏ်ဖြင့်
ထိုးထွင်း၍ မသိနိုင်လောက်အောင်ပင် ခက်ခဲလွန်းပါသည်။
အတက္ကာဝစရော လောကရေးရာ ကိစ္စရပ်များပမာ
ကြံစည် တွေးတော စဉ်းစားရုံမျှဖြင့်လည်း သိနိုင်သည့်တရား မဟုတ်ပေ။
ပဏ္ဍိတ ဝေဒနီယော ပရမတ္ထတရားကို သိမြင်နိုင်စွမ်းသည့်
ပညာရှိ အနည်းစုတို့ကသာ ဉာဏ်သက်ဝင်နိုင်စွမ်းသည့်
တရားတော်မြတ်ကြီး ဖြစ်ကြောင်းကို
အဋ္ဌကထာဆရာမြတ်များက မိန့်ဆိုတော်မူထားပါသည်။